# အမှာစာ

အိရေးထားတဲ့ မပြုံသောကောင်းကင်၊ မကြွေသောကြယ်ဆိုတဲ့ ဝတ္ထုလေးကိုဖတ်ရင်း ထူးခြားလိုက်တာလို့ တွေးမိတယ်။

ပထမထူးခြားတဲ့အချက်က ခေါင်းစဉ်ကိုယ်တိုင်ပဲ။ ကဗျာဆန်ဆန် တစ်မျိုးလေးရွေးပေးထားတဲ့ ဝတ္ထုခေါင်းစဉ်လေးကိုက စဉ်းစားစရာဖြစ်နေတယ်ဆိုတော့လေ။ ဒီလိုနဲ့ စဉ်းစားရင်းနဲ့ ပိုပြီးသေချာအောင် ဒီနာမည် ဘာလို့ပေးထားတာလဲလို့ အိကို သွားပြန်မေးဖြစ်တယ်။ အိရဲ့အဖြေက တစ်စုံတစ်ယောက်သောသူအတွက် တစ်ယောက်က ကြယ်၊ အခြားတစ်ယောက်က ကောင်းကင်လေတဲ့။ ကိုယ်တွေကတော့ Wow ဆိုတာပဲ ပြောနိုင်တော့တယ်။

ဒုတိယထူးခြားတဲ့အချက်က ဇာတ်ကောင်စရိုက်တွေ။ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းတစ်ပုဒ်ကိုဗီလိန်ဇာတ်ကောင်မပါဘဲ လှလှလေး ရေးပြသွားတယ်။ တစ်ခွတ်ထိုးစရိုက်လေးတွေရှိပေမယ့် အချစ်ကြီးချစ်တတ်တဲ့ နေအလင်းစက်၊ ကြင်နာသနားတတ်ပြီး အိ ရေးပြသွားတာနဲ့တင် ဘယ်လောက်တောင် ခန့်ချောချောလိုက်မလဲလို့ မတွေးဘဲမနေနိုင်တဲ့ ဘုန်းလက်ာ၊ ထက်မြက်ထူးချွန်ပြီး စိတ်စေတနာပြည့်ဝတဲ့ အမျိုးသမီးလေး မြသော်က။ ဒီသုံးယောက်စလုံးဟာ သုံးနားညီတြိဂံပုံလေးလိုပဲ။ အချွန်အထွက်မရှိ။ အတိမ်းအစောင်းမရှိ။ ပြီးပြည့်စုံမှုတွေနဲ့ လှပနေတယ်။

တတိယထူးခြားတဲ့အချက်ကတော့ အိလေးရဲ့ အရေးအသား။ ဝတ္ထုကို ကဗျာဆန်ဆန်ရေးတတ်တဲ့ ကလေးမလေးလို့ပဲ ပြောပါရစေတော့။ 3D ရုပ်ရှင်ကို ကြည့်နေရတုန်းက ခံစားချက်လေးလိုပဲ။ မျက်စိရှေ့မှာ ပုံပေါ်လွှန်းအောင် ရေးတတ်ပြီး မြူးကြွခုန်ပေါက်နေတဲ့စကားလုံးတိုင်းကြောင့် စာလုံးတစ်လုံး၊ စာတစ်ကြောင်းတောင် ကျော်ဖတ်မသွားချင်လောက်အောင်ပါပဲ။ နောက်ပြီး အပိုင်းတစ်ခု အဆုံးတိုင်းမှာ ထည့်ရေးထားတဲ့ ဇာတ်ကောင်တွေရဲ့ အတွေးစာစုလေးတွေဟာ ကိတ်မုန့်ပေါ်က ချယ်ရီသီးနီလေးတွေလိုပဲ။ လုံးဝပြီးပြည့်စုံသွားအောင် ဖန်တီးပေးထားတယ်။

အမှာစာဆိုတာထက် အမှတ်တရစကားလို့ပဲ ပြောပါရစေနော့်။ ဒီလိုပါဝင်ခွင့်ရခဲ့တဲ့အတွက် အိကို အထူးကျေးဇူးတင်ပါတယ်။ မျက်စိရှေ့မှာပင် ပျိုးပင်လေးကနေ အပင်ငယ်၊ အပင်ငယ်ကနေ အဖူးအပွင့်စုံတဲ့ သစ်ပင်လေးအဖြစ် မြင်ရတဲ့ ခံစားချက်မျိုးပါပဲ။ မပြုံသောကောင်းကင်၊ မကြွေသောကြယ်ဆိုတဲ့ ဇာတ်လမ်းလေးကို အိ စရေးဖြစ်ခဲ့တဲ့အချိန်ကနေ အခုလက်ရှိ စာအုပ်လေးအဖြစ် မြင်ခွင့်ရတော့မယ့်အချိန်အထိ ပါဝင်ပတ်သက်ခွင့်ရလို့ အရမ်းဝမ်းသာကြည်နူးရပါတယ်။

ထူးခြားချက်တွေနဲ့ စာရေးတတ်သူ အိလေးလည်း နောက်ထပ် ဇာတ်လမ်းလေးတွေ၊ စာစုလေးတွေ၊ ကဗျာလေးတွေ အများကြီး ဖန်တီးနိုင်ပါစေ။

ချစ်တဲ့
မမှုန်
အကြင်နာမှုန်
၃၀.၁၁.၂၀၁၉